| happy | ဟဲက်ပီး | *adj* | ပျော်ရွှင်သော၊ ဝမ်းသာသော |
| made | မိတ်(ဒ်) | *v* | ပြုလုပ်ခဲ့သည် (ချုပ်ပေးခဲ့သည်) |
| fine | ဖိုင်း(န်) | *adj* | ကောင်းသော |
| clothes | ကလိုး(သ်ဇ်) | *n* | [pl] အဝတ်အစား |
| green | ဂရီး(န်) | *adj* | စိမ်းသော |
| coat | ကုတ်(ထ်) | *n* | ကုတ်အင်္ကျီ |
| yellow | ယက်လိုး | *adj* | ဝါသော |
| trousers | ထရောက်ဇာ(ဇ်) | *n* | [pl] ဘောင်းဘီရှည် |
| little | လစ်တ(လ်) | *adj* | သေးငယ်သော၊ — ကလေး |
| fight | ဖိုက်(ထ်) | *v* | ထွေးလုံးသတ်ပုတ်သည် |
| ship | ရှစ်(ပ်) | *n* | ပင်လယ်ကူးသင်္ဘော |
| hat | ဟဲက်(ထ်) | *n* | ဦးထုပ် |
| feather | ဖက်ဿား | *n* | ငှက်မွေး |
| leather | လက်ဿား | *n* | သားရေ |
| boot | ဘူး(ထ်) | *n* | ဘွတ်ဖိနပ် |
| no | နိုး | *adv* | (သာလွန်အဆင့်ပြ Adj နှင့် Adv ရှေ့မှာ သုံးသည်) (မဟုတ်၊ မရှိ၊ မဖြစ်ကြောင်းပြ စကားလုံး) |
| finger-nail | ဖင်ဂါး နေး(လ်) | *n* | လက်သည်း |
| love | လတ်(ဗ်) | *v* | နှစ်သက်သည်၊ သဘောကျသည် |
| wearing | ဝဲ(ယား)ရင်း(ဂ်) | *n* | ဝတ်ဆင်ခြင်း၊ ဆင်မြန်းခြင်း |
| wore | ဝေါ | *v* | ဝတ်ဆင်ခဲ့သည်၊ ဆင်မြန်းခဲ့သည် |
| sword | ဆော့(ဒ်) | *n* | ဓားရှည် |
| shield | ရှီး(လ်ဒ်) | *n* | (ရှေး) ဒိုင်း (ကာကွယ်သည့်အရာ) |
| needle | နီးဒဲ့(လ်) | *n* | ချုပ်အပ် |
| button | ဘတ်တန်(န်) | *n* | ကြယ်သီး၊ ကြယ်သီးစေ့ |
| carrying | ကဲရီးယင်း(ဂ်) | *n* | ကိုင်ဆောင်ခြင်း |
| soldier | ဆိုး(လ်)ဂျား | *n* | စစ်သား၊ စစ်သည် |
| brave | ဘရေး(ဗ်) | *adj* | ရဲရင့်သော၊ သတ္တိရှိသော |
| things | သင်း(ဂ်ဇ်) | *n* | ဖြစ်ရပ်များ၊ ကိစ္စများ၊ အချက်များ |
| meet | မီး(ထ်) | *v* | တွေ့ဆုံသည် |
| stranger | စထရိန်းဂျား | *n* | လူစိမ်း |
| know | နိုး | *v* | သိသည်၊ ကျွမ်းသည် |
| arm | အား(မ်) | *n* | လက်မောင်း |
| true | ထရူး | *adj* | မှန်သော၊ — မှန် |
| untrue | အန်ထရူး | *adj* | မမှန်ကန်သော |
| colour | ကတ်လာ | *n* | အရောင် |

## ၂။ ကြိယာသဏ္ဌာန်များ

**Exercises**

| | | | | |
|---|---|---|---|---|
| cut | cut | cut | cutting | ပြတ်သည်၊ ရှသည် |

| | | | | |
|---|---|---|---|---|
| fight | fought | fought | fighting | ထွေးလုံးသတ်ပုတ်သည် |
| float | floated | floated | floating | (ရေပေါ်တွင်) ပေါ်လောပေါ်သည် |

**Passage**

| | | | | |
|---|---|---|---|---|
| grow | grew | grown | growing | ပို၍ (ကြီး) လာသည် |
| meet | met | met | meeting | တွေ့ဆုံသည် |
| love | loved | loved | loving | နှစ်သက်သည်၊ သဘောကျသည် |
| like | liked | liked | liking | ကြိုက်သည် |
| enjoy | enjoyed | enjoyed | enjoying | မွေ့လျော်သည်၊ နှစ်သက်သည် |
| call | called | called | calling | — ဟု ခေါ်သည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | | | | | |
|---|---|---|---|---|---|
| falling down | | ကျခြင်း၊ ပြုတ်ကျခြင်း | put away | *PHR V* | သိမ်းသည် |
| getting up | | အိပ်ရာမှ ထခြင်း | on one leg | | ခြေထောက်တစ်ချောင်းတည်းဖြင့် |
| in the country | | ကျေးလက်တောရွာတွင် | | | |
| up a hill | | တောင်ကုန်းတစ်ကုန်းပေါ်သို့ | take off | *PHR V* | (အဝတ်အစား) ချွတ်သည် |
| | | | take out | *PHR V* | ထုတ်ယူသည် |
| put on | *PHR V* | (အဝတ်အစား) ဝတ်သည် | | | |

**Passage**

| | | | | |
|---|---|---|---|---|
| in their garden | | သူတို့၏ ဥယျာဉ်ထဲမှာ | never grew bigger | ဘယ်သောအခါမျှ ပို၍ကြီးမလာတော့ပါ |
| inside the rose | | နှင်းဆီပန်းထဲမှာ | | |
| as — as | *adv* | မျှ၊ လောက် | on his head | သူ့ခေါင်းပေါ်မှာ |
| as small as a man's thumb | | လူ၏ လက်မလောက် သေးငယ်သော၊ လက်မလောက်သာ ရှိသော | with a feather in it | ငှက်မွေးပါသော |
| | | | asked for | တောင်းခဲ့သည် |
| | | | went for a walk | လမ်းလျှောက်ထွက်ခဲ့သည် |
| no bigger than | | ထက် ပို၍မကြီးသော | one of the men | ထိုလူများထဲမှ တစ်ယောက် |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

***1 Read.***

1




Swimming is difficult.
ရေကူးခြင်းသည် ခက်၏။

2



Floating is easy.
(ရေပေါ်မှာ) ပေါ်လောပေါ်ခြင်း (ကိုယ်ဖော့ထားခြင်း)သည် လွယ်ကူ၏။

3



Reading is interesting.
စာဖတ်ခြင်းသည် စိတ်ဝင်စားဖွယ်ကောင်း၏။

4



Singing is enjoyable.
သီ(ချင်း)ဆိုခြင်းသည် ပျော်စရာကောင်း၏။

5



Watching a race is exciting.
အပြေးပြိုင်ပွဲ ကြည့်ခြင်းသည်
စိတ်လှုပ်ရှားစရာကောင်း၏။

6



Hitting your thumb is painful.
လက်မကို ထုမိခြင်းသည် နာကျင်၏။

7



Having a rest is pleasant.
နားနေခြင်းသည် နှစ်သက်စရာကောင်း၏။

8



Crossing a railway line is dangerous.
မီးရထားသံလမ်းကို ကူးဖြတ်ခြင်းသည်
အန္တရာယ်ရှိ၏။

**2 *How many meaningful sentences can you make?***

| | | |
|---|---|---|
| Swimming | | easy. |
| Eating sweets | | difficult. |
| Playing football | | interesting. |
| Riding a bicycle | | enjoyable. |
| Flying a kite | is | exciting. |
| Drawing | | painful. |
| Falling down | | pleasant. |
| Getting up in the morning | | dangerous. |
| Riding a horse | | silly. |

**3 *Write ten meaningful sentences.***

| | | |
|---|---|---|
| Swimming | | enjoyable. |
| Watching television | | pleasant. |
| Walking in the country | | hard. |
| Running up a hill | | good for us. |
| Playing in the street | | painful. |
| Cutting a finger | is | dangerous. |
| Reading | | difficult. |
| Standing on one leg | | interesting. |
| Watching a football match | | bad for us. |
| Eating too much | | exciting. |

## 8 Tom Thumb (1)

## လက်မ တွန် (၁)

This story is very old.
ဤပုံပြင်သည် အလွန် ရှေးကျသည်။
It is not true but many children enjoy hearing it.
၎င်းသည် အဖြစ်မှန် မဟုတ်ပါ။ သို့သော် ကလေးများသည်
၎င်းအား နားထောင်ရသည်ကို နှစ်သက်ကြသည်။



A husband and wife did not have any children and they felt very sad.
လင်မယားနှစ်ယောက်သည် ကလေး မရ၍ အလွန် ဝမ်းနည်းနေကြသည်။
There was a rose in their garden.
သူတို့၏ ဥယျာဉ်ထဲမှာ နှင်းဆီပင်တစ်ပင် ရှိသည်။
One day they found a baby boy inside the rose.
တစ်နေ့သောအခါ သူတို့သည် နှင်းဆီပန်းထဲမှာ လူအသေးလေးတစ်ယောက်ကို
တွေ့ရသည်။
He was as small as a man's thumb.
သူသည် လူ၏ လက်မလောက်သာ ရှိသည်။
He never grew bigger.
သူသည် ဘယ်သောအခါမှ ပို၍ ကြီးမလာတော့ပါ။
They called him Tom Thumb.
သူတို့သည် သူ့ကို 'လက်မ တွန်' ဟု ခေါ်ခဲ့သည်။



Tom's mother was very happy.
တွန်၏ အမေသည် အလွန်ပျော်နေသည်။
She make fine clothes for him.
သူမသည် သူ့အတွက် အဝတ်အစားကောင်းများကို ချုပ်ပေးသည်။
He had a green coat and yellow trousers.
သူ့မှာ ကုတ်အင်္ကျီ အစိမ်းတစ်ထည်နှင့် ဘောင်းဘီရှည် အဝါတစ်ထည် ရှိသည်။
On his head he wore a yellow hat with a feather in it.
သူ့ခေါင်းပေါ်တွင် ငှက်မွေးစိုက်ထားသော ဦးထုပ်အဝါတစ်လုံးကို ဆောင်းထားသည်။
His mother made him little leather boots no bigger than finger-nails.
သူ့အမေသည် သူ့ကို လက်သည်းခွံထက် ပိုမကြီးသော သားရေဘွတ်ဖိနပ်ကလေးကို ချုပ်ပေးသည်။

Tom loved wearihg his clothes.
တွန်သည် သူ၏ အဝတ်အစားအား ဝတ်ဆင်ရသည်ကို နှစ်သက်သည်။
He asked his mother for a sword and a shield.
သူသည် သူ့အမေထံမှ ဓားရှည်နှင့် ဒိုင်းကို တောင်းယူသည်။
She gave him a needle for a sword and a button for a shield.
သူမသည် သူ့ကို ဓားရှည်အတွက် ချုပ်အပ်တစ်ချောင်းနှင့် ဒိုင်းအတွက် ကြယ်သီးစေ့တစ်လုံးကို ပေးသည်။
Tom liked carrying them.
တွန်သည် ၎င်းတို့အား ကိုင်ဆောင်ရသည်ကို သဘောကျသည်။
He wanted to be a soldier and do brave things.
သူသည် စစ်သည်တစ်ဦး ဖြစ်ချင်၍ ရဲရင့်သော ဖြစ်ရပ်များကို ပြုလုပ်ချင်ခဲ့သည် (စွန့်စားမှုများကို ပြုလုပ်ချင်ခဲ့သည်)။

**One day he went for a walk.**
**တစ်နေ့ သူ လမ်းလျှောက်ထွက်သွားသည်။**
**He met two men.**
**သူသည် လူနှစ်ယောက်ကို တွေ့ရသည်။**
**They were strangers.**
**သူတို့သည် လူစိမ်းများ ဖြစ်ကြသည်။**
**He did not know them.**
**သူသည် သူတို့ကို မသိကျွမ်းခဲ့ပါ။**
**One of the men held Tom's arm.**
**သူတို့ထဲက လူတစ်ယောက်က တွန်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။**

**"This little man can help us," he said.**
**"ဒီလူကလေးဟာ ငါတို့ကို ကူညီနိုင်လိမ့်မယ်" ဟု သူက ပြောလိုက်လေသည်။**

***Answer the questions.***

| | |
|---|---|
| 1 Is the story old or new? | ဤပုံပြင်သည် ရှေးကျသလား၊ အသစ်လား။ |
| 2 Is the story true or untrue? | ဤပုံပြင်သည် အဖြစ်မှန်လား၊ အဖြစ်မှန် မဟုတ်ဘူးလား။ |
| 3 Where did they find Tom Thumb? | သူတို့ လေက်မတွန်ကို ဘယ်မှာ တွေ့ခဲ့ကြသနည်း။ |
| 4 How small was Tom? | တွန်သည် ဘယ်လောက် သေးသနည်း။ |
| 5 Did he grow bigger? | သူ ပို၍ ကြီးလာသလား။ |
| 6 How did Tom's mother feel? | တွန်၏ အမေ ဘယ်လို ခံစားရသနည်း။ |
| 7 What did she make for Tom? | သူမသည် တွန်အတွက် ဘာလုပ်ပေးခဲ့သနည်း။ |
| 8 What was the colour of his coat? | သူ၏ ကုတ်အင်္ကျီအရောင်သည် ဘာဖြစ်သနည်း။ |
| 9 What was the colour of his trousers? | သူ၏ ဘောင်းဘီရှည်အရောင်သည် ဘာဖြစ်သနည်း။ |
| 10 What was the colour of his hat? | သူ၏ ဦးထုပ်အရောင်သည် ဘာဖြစ်သနည်း။ |
| 11 What was in his hat? | သူ၏ ဦးထုပ်ထဲမှာ ဘာရှိသနည်း။ |
| 12 What were his boots made of? | သူ၏ ဘွတ်ဖိနပ်ကို ဘာဖြင့် လုပ်ထားသနည်း။ |
| 13 How big were his boots? | သူ၏ ဘွတ်ဖိနပ်သည် ဘယ်လောက် ကြီးသနည်း။ |
| 14 What did Tom love doing? | တွန်သည် ဘာလုပ်ခြင်းကို နှစ်သက်သနည်း။ |
| 15 What did he have for a sword? | သူ့မှာ ဓားရှည်အတွက် ဘာရှိသနည်း။ |
| 16 What did he have for a shield? | သူ့မှာ ဒိုင်းအတွက် ဘာရှိသနည်း။ |
| 17 What did he like doing? | သူသည် ဘာလုပ်ခြင်းကို ကြိုက်သနည်း။ |
| 18 What did he want to do? | သူသည် ဘာလုပ်ချင်သနည်း။ |

## ၅။ သဒ္ဒါရှင်းလင်းချက်

၁ stop တို့, stopped တို့ရဲ့ နောက်မှာ V-ing ကို သုံးရတယ်။

| | |
|---|---|
| 1 I told him to *stop running.* | ကျွန်တော် သူ့ကို အပြေး ရပ်ခိုင်းခဲ့သည်။ |
| 2 He *stopped running.* | သူ အပြေး ရပ်ခဲ့သည်။ |
| 3 Saya Hla told the girls to *stop talking.* | ဆရာလှသည် မိန်းကလေးများကို စကားပြော ရပ်ခိုင်းခဲ့သည်။ |
| 4 They *stopped talking.* | သူတို့ စကားပြော ရပ်ခဲ့ကြသည်။ |

၂ 'တစ်ယောက်ယောက်ကို တစ်ခုခု လုပ်ပေးတယ်' လို့ ပြောချင်ယင် make တို့, made တို့ကို သုံးရတယ်။

| | |
|---|---|
| 1 I *make* Mg Mg a cake every day. | ကျွန်တော် မောင်မောင်ကို နေ့စဉ် ကိတ်မုန့်တစ်လုံး လုပ်ပေးသည်။ |
| 2 I *made* Mg Mg a cake yesterday. | မနေ့က ကျွန်တော် မောင်မောင်ကို ကိတ်မုန့်တစ်လုံး လုပ်ပေးခဲ့သည်။ |

၃ တကယ်လို့ လုပ်ပေးတဲ့ ပစ္စည်းကို ရှေ့မှာ ထားပြီး လူကို နောက်မှာ ထားယင် အလယ်မှာ for ထည့်ပေးရတယ်။

| | |
|---|---|
| 1 Daw Mya made *her son a shirt.*<br>Daw Mya made *a shirt* for *her son.* | ဒေါ်မြ သူမ၏ သားကို ရှပ်အင်္ကျီတစ်ထည် ချုပ်ပေးခဲ့သည်။ |
| 2 I made *Mg Mg a cake.*<br>I made *a cake* for *Mg Mg.* | ကျွန်တော် မောင်မောင်ကို ကိတ်မုန့်တစ်လုံး လုပ်ပေးခဲ့သည်။ |

## ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ

***1 Rewrite each sentence as in No. 1.***

1 Daw Aye made Tun Tun a shirt.
Daw Aye made a shirt for Tun Tun.
2 U Mya made his son a toy.
3 Daw Than made Mu Mu a blouse.
4 Daw Nu made Mg Mg a shirt.
5 My mother made me a cake.
6 My father made me leather boots.
7 Daw Si Si made Ko Ko fine clothes.
8 My sister made me trousers.
9 My brother made me a toy aeroplane.
10 U Aung Tun made his son a sword.

***2 Fill each blank with a suitable word.***

1 Singing is e__________.
2 Having a rest is p__________.
3 The children stopped making a n__________.
4 She made a shirt for her h__________.
5 I haven't seen these s__________ before.

***3 Fill each blank with a suitable preposition.***

1 There are many flowers __________ the garden.
2 They found a baby boy __________ a rose.
3 She made a cake __________ her son.
4 He wore a yellow hat __________ his head.
5 I go __________ a walk every morning.

***4 Fill each blank with the V-ing form of the verbs in brackets.***

1 (Watch) __________ a race is exciting.
2 (Hit) __________ your thumb is painful.
3 (Swim) __________ in a river is dangerous.
4 (Run) __________ up a hill is difficult.
5 (Ride) __________ a bicycle is not easy.

# LESSON 11 Tom Thumb (2)

## ၁။ ဝေါဟာရများ

### Exercises

| | | | |
|---|---|---|---|
| like | လိုက်(ခ်) | *v* | ကြိုက်သည်၊ နှစ်သက်သည် |
| enjoy | အင်ဂျော(အီး) | *v* | မွေ့လျော်သည်၊ သာယာကြည်နူးသည်၊ နှစ်သက်သည် |
| love | လတ်(ဗ်) | *v* | ခုံမင်သည်၊ နှစ်သက်သည်၊ ဝါသနာပါသည် |
| hate | ဟိတ်(ထ်) | *v* | မုန်းသည်၊ မနှစ်သက်၊ မကြိုက် |
| music | မြူးဇစ်(ခ်) | *n* | တေးဂီတ |
| dancing | ဒန်းစင်း(ဂ်) | *n* | အကအခုန် |
| rain | ရိန်း(န်) | *n* | မိုး |
| | | *v* | မိုးရွာသည် |
| sewing | ဆိုးဝင်း(ဂ်) | *n* | အချုပ်အလုပ် |
| boat | ဘုတ်(ထ်) | *n* | လှေ |
| sea | ဆီး | *n* | ပင်လယ် |
| sum | ဆမ်း(မ်) | *n* | ဂဏန်းသင်္ချာ ပုစ္ဆာ၊ အတွက် |
| cooking | ကွတ်ခင်း(ဂ်) | *n* | ချက်ပြုတ်ခြင်း၊ အချက်အပြုတ် |
| summer | ဆမ်းမား | *n* | နွေရာသီ |
| season | ဆီးဇင်း(န်) | *n* | ရာသီ |
| cold season | ကိုး(လ်ဒ်) ဆီးဇင်း(န်) | *n* | ဆောင်းရာသီ |
| smoke | စမုတ်(ခ်) | *v* | (ဆေးလိပ်၊ ဆေးတံ) ဖွာသည်၊ သောက်သည် |
| | | *n* | မီးခိုး |
| pipe | ပိုက်(ပ်) | *n* | ဆေးတံ |
| pushing | ပွတ်ရှင်း(ဂ်) | *n* | တွန်းခြင်း |

### Passage

| | | | |
|---|---|---|---|
| bend | ဘင်းန်(ဒ်) | *v* | ကိုင်းသည်၊ ညွတ်သည် |
| bent | ဘင့်န်(ဒ်) | *v* | ကိုင်းခဲ့သည်၊ ညွတ်ခဲ့သည် |
| share | ရှဲ(ယား) | *v* | ခွဲဝေယူသည် |
| | | *n* | ဝေစု |
| gold | ဂိုး(လ်ဒ်) | *n* | ရွှေ |
| excited | အစ်(ခ်)ဆိုက်တစ်(ဒ်) | *adj* | စိတ်ထက်သန်တက်ကြွသော |
| poor | ပူးဝါး | *adj* | ဆင်းရဲသော၊ နွမ်းပါးသော |
| building | ဘစ်(လ်)ဒင်း(ဂ်) | *n* | အဆောက်အအုံ |
| iron | အိုင်းယန်း(န်) | *n* | သံ |
| bar | ဘား | *n* | (သတ္တု) အချောင်း |
| across | အခရော့(စ်) | *prep* | ကန့်လန့်ဖြတ်၍၊ ဖြတ်၍ |
| get | ဂက်(ထ်) | *v* | (လှုပ်ရှားမှုတစ်စုံတစ်ရာ) ဖြစ်စေသည် |
| lift | လစ်(ဖ်ထ်) | *v* | မသည်၊ ပင့်သည် |
| coin | ကွိုင်း(န်) | *n* | ဒင်္ဂါး |
| throw | သရိုး | *v* | ပစ်သည် |
| money | မန်းနီး | *n* | ငွေ၊ ပိုက်ဆံ၊ အသပြာ |
| edge | အက်(ဂ်ျ) | *n* | အစွန်း၊ အစပ် |
| last | လား(စ်ထ်) | *adj* | နောက်ဆုံး(ဖြစ်သော) |
| | | *n* | နောက်ဆုံး၊ နောက်ဆုံးပိတ် |
| laugh | လား(ဖ်) | *v* | ရယ်သည် |
| tear | တီးယား | *n* | [*usually* **pl**] မျက်ရည် |
| trick | ထရစ်(ခ်) | *n* | လှည့်စားမှု |
| play a trick | | | လှည့်စားသည် |
| broke | ဘရုတ်(ခ်) | *v* | ကတိဖျက်ခဲ့သည် |
| promise | ပရော့မစ်(စ်) | *n* | ကတိ |
| | | *v* | ကတိပေးသည် |

## ၂။ ကြိယာသဏ္ဌာန်များ

### Exercises

| | | | | |
|---|---|---|---|---|
| dance | danced | danced | dancing | ကသည် |
| hate | hated | hated | hating | မုန်းသည်၊ မနှစ်သက်၊ မကြိုက် |

| | | | | |
|---|---|---|---|---|
| smoke | smoked | smoked | smoking | (ဆေးလိပ်၊ ဆေးတံ) ဖွာသည်၊ သောက်သည် |
| push | pushed | pushed | pushing | တွန်းသည် |

**Passage**

| | | | | |
|---|---|---|---|---|
| bend | bent | bent | bending | ကိုင်းသည်၊ ညွတ်သည် |
| share | shared | shared | sharing | ခွဲဝေယူသည် |
| lift | lifted | lifted | lifting | မသည်၊ မြှောက်တင်သည် |
| call | called | called | calling | အော်ပြောသည် |
| promise | promised | promised | promising | ကတိပြုသည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | |
|---|---|
| listening to music | တေးဂီတနားထောင်ခြင်း |
| in the rain | မိုးရေထဲမှာ |
| being in a boat | လှေထဲမှာ ရှိနေခြင်း၊ လှေစီးခြင်း |
| in the sea | ပင်လယ်ထဲမှာ |
| doing difficult sums | ခက်သော ဂဏန်းသင်္ချာ ပုစ္ဆာများကို တွက်ခြင်း |
| going on picnics | ပျော်ပွဲစားထွက်ခြင်း |

| | | |
|---|---|---|
| go on doing (something) | *PHR V* | ဆက်၍(လုပ်)သည်၊ ဆက်(လုပ်)သည် |
| in the summer | | နွေရာသီမှာ |
| in the cold season | | ဆောင်းရာသီမှာ |
| in the kitchen | | မီးဖိုချောင်ထဲမှာ |
| get up | *PHR V* | (အိပ်ရာမှ) ထသည်၊ နိုးသည် |

**Passage**

| | |
|---|---|
| bent down | ကိုင်းညွတ်ခဲ့သည် |
| speak to Tom | တွန်ကို စကားပြောသည် |
| share it with you | ထိုဟာကို သင်နှင့် ခွဲဝေယူသည် |
| took him to a building | သူ့ကို အဆောက်အအုံတစ်ခုသို့ ခေါ်သွားခဲ့သည် |
| pointed to | လက်ညှိုးထိုးပြခဲ့သည် |
| across the window | ပြတင်းပေါက်ကို ဖြတ်သန်း၍ |
| lift you up to the window | သင့်ကို ပြတင်းပေါက်သို့ မ တင်ပေးသည် |
| lift you down | သင့်ကို အောက်သို့ ချပေးသည် |
| get through the window | ပြတင်းပေါက်ကို ဖြတ်ကျော်၍ |
| through the bars | သံချောင်းများကို ဖြတ်ကျော်၍ |

| | | |
|---|---|---|
| throw them down to us | | အဲဒါတွေကို ငါတို့ဆီ ပစ်ချပေးပါ |
| stood on the edge of the window | | ပြတင်းပေါက်အစပ်တွင် ရပ်ခဲ့သည် |
| one at a time | | တစ်ကြိမ်လျှင် (ဒင်္ဂါး) တစ်ပြား |
| dropped them down | | ၎င်းတို့ကို အောက်သို့ ချပေးခဲ့သည် |
| called down to the strangers | | အောက်မှာရှိသော လူစိမ်းများကို အော်ပြောခဲ့သည် |
| ran away | *PHR V* | ထွက်ပြေးခဲ့သည် |
| ran down | | စီးကျခဲ့သည် |
| tears ran down his face | | သူ့မျက်နှာပေါ်တွင် မျက်ရည်များ စီးကျလာခဲ့သည် |
| played a trick on me | | ငါ့ကို လှည့်စားသွားခဲ့သည် |
| have broken their promise | | သူတို့ ကတိဖျက်သွားကြပြီ |

## ၄။ ပြဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

***1 Read.***



likes




enjoys



loves

Mg Myo likes walking. မောင်မျိုးသည် လမ်းလျှောက်ခြင်းကို ကြိုက်သည်။
He enjoys swimming. သူသည် ရေကူးခြင်းကို နှစ်သက်သည်။
He loves eating sweets. သူသည် သကြားလုံးစားခြင်းကို ခုံမင်သည်။



likes



enjoys




loves

Si Si likes reading. စီစီသည် စာဖတ်ခြင်းကို ကြိုက်သည်။
She enjoys listening to music. သူမသည် တေးဂီတနားထောင်ခြင်းကို နှစ်သက်သည်။
She loves dancing. သူမသည် အကအခုန်ကို ခုံမင်သည်။



does not like



hates



does not like




hates

Mg Myo does not like singing. မောင်မျိုးသည် သီ(ချင်း)ဆိုခြင်းကို မကြိုက်ပါ။
He hates walking in the rain. သူသည် မိုးရေထဲ လမ်းလျှောက်ခြင်းကို မုန်းသည်။
Si Si does not like sewing. စီစီသည် အချုပ်အလုပ်ကို မကြိုက်ပါ။
She hates being in a boat. သူမသည် လှေစီးခြင်းကို မုန်းသည်။

***2 How many meaningful sentences can you make?***

| | | |
|---|---|---|
| I | like<br>enjoy<br>love<br>don't like<br>hate | playing football.<br>doing my homework.<br>swimming in the sea.<br>doing difficult sums.<br>helping my mother in the house.<br>going to the cinema.<br>eating sweets.<br>going on picnics. |

## 8 Tom Thumb (2)
## လက်မ တွန် (၂)



The stranger bent down to speak to Tom Thumb.
လူစိမ်းသည် လက်မတွန်ကို စကားပြောရန် ကိုင်းညွှတ်လိုက်သည်။

"You can help us," he said.
"မင်း ငါတို့ကို ကူညီနိုင်ပါတယ်" ဟု သူက ပြောသည်။
"We have found some gold.
"ငါတို့ ရွှေတွေ တွေ့ထားတယ်။
Will you help us to get it?
အဲဒါကို ရဖို့ မင်း ငါတို့ကို ကူညီမလား။
Then we will share it with you."
ပြီးယင် ငါတို့ အဲဒါကို မင်းနဲ့ ခွဲဝေယူကြမယ်"

Tom felt very excited.
တွန်သည် အလွန် စိတ်ထက်သန်တက်ကြွသွားသည်။
He wanted the gold to give to his father and mother.
သူသည် သူ့အဖေနှင့် အမေကို ပေးရန် ရွှေကို လိုချင်သည်။
There were very poor.
သူတို့သည် အလွန် ဆင်းရဲကြသည်။

"I will help you," he said.
"ကျွန်တော် ခင်ဗျားတို့ကို ကူညီမယ်" ဟု သူက ပြောလိုက်သည်။

The two strangers took him to a building and pointed to a window.
လူစိမ်းနှစ်ယောက်သည် သူ့ကို အဆောက်အအုံတစ်ခုသို့ ခေါ်သွား၍ ပြတင်းပေါက်တစ်ပေါက်ကို လက်ညှိုးထိုးပြလိုက်သည်။
There were iron bars across the window.
ပြတင်းပေါက်ကို ကန့်လန့်ဖြတ်၍ သံချောင်းများ ရှိသည်။

"The gold is there," they said.
"ရွှေတွေက ဟိုမှာ" ဟု သူတို့က ပြောပြသည်။
"We will lift you up to the window.
"ငါတို့က မင်းကို ပြတင်းပေါက်ပေါ် မ တင်ပေးမယ်။
You are very small.
မင်းက သိပ်သေးတယ်။
You can get through the bars.
မင်း သံချောင်းတွေကို ဖြတ်ကျော်ဝင်နိုင်တယ်။
You will find some gold coins inside.
အထဲမှာ ရွှေဒင်္ဂါးတွေ မင်း တွေ့လိမ့်မယ်။
Throw them down to us.
အဲဒါတွေကို ငါတို့ထံ ပစ်ချပေး။
Then we will lift you down and give you your share of the money."
ပြီးယင် မင်းကို အောက်သို့ ချပေးပြီး မင်းရဲ့ ဝေစုပိုက်ဆံ ပေးမယ်"

They lifted Tom up and he stood on the edge of the window.
သူတို့သည် တွန်ကို မ တင်ပေး၍ တွန်သည် ပြတင်းပေါက်အစပ်တွင် ရပ်လိုက်သည်။
He climbed through the bars and found the gold coins.
သူသည် သံချောင်းများကို ဖြတ်ကျော်ဝင်သွားရာ ရွှေဒင်္ဂါးများကို တွေ့ရသည်။
They were very heavy.
၎င်းတို့သည် အလွန်လေး၏။
He carried them, one at a time, to the window and dropped them down.
သူသည် ပြတင်းပေါက်သို့ တစ်ကြိမ်လျှင် (ဒင်္ဂါး)တစ်ပြား သယ်ယူလာပြီး အောက်သို့ ချပေးသည်။

"That is the last one," he called down to the strangers.
"ဒါ နောက်ဆုံးတစ်ပြားပဲ" ဟု သူက အောက်မှာရှိသော လူစိမ်းများကို အော်ပြောလိုက်သည်။
"Now lift me down and give me my share."
"အခု ကျွန်တော့်ကို အောက်သို့ ချပေးပြီး ကျွန်တော့်ဝေစု ပေးပါ"

But the two men laughed and ran away.
သို့သော် ထိုလူနှစ်ယောက်သည် ရယ်သွမ်းသွေး၍ ထွက်ပြေးကြသည်။
Tom stood on the edge of the window.
တွန်သည် ပြတင်းပေါက်အစပ်တွင် ရပ်လိုက်သည်။
Tears ran down his face.
သူ၏ မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာသည်။

"They have played a trick on me," he said.
"သူတို့ ငါ့ကို လှည့်စားသွားကြပြီ" ဟု သူက ပြောသည်။
"They promised to give me some gold.
"သူတို့ ငါ့ကို ရွှေတွေ ပေးမယ်လို့ ကတိပြုခဲ့ကြတယ်။
They have broken their promise."
သူတို့ ကတိဖျက်သွားကြပြီ"

***Answer the questions.***

1 Why did the stranger bend down to speak to Tom?
လူစိမ်းသည် တွန်ကို စကားပြောရန် ဘာကြောင့် ကိုင်းညွတ်လိုက်သနည်း။
2 What did the strangers promise?
လူစိမ်းများသည် ဘာကို ကတိပြုခဲ့ကြသနည်း။
3 How did Tom feel?
တွန် ဘယ်လို ခံစားခဲ့ရသနည်း။
4 Why did Tom want some of the gold?
တွန်သည် ဘာကြောင့် ရွှေအချို့ကို လိုချင်ခဲ့သနည်း။
5 Why did the strangers want Tom to help them?
လူစိမ်းများသည် တွန်ကို သူတို့အား ဘာကြောင့် ကူညီစေလိုခဲ့သနည်း။

6 Why did Tom carry the coins one at a time?
တွန်သည် ဘာကြောင့် ရွှေဒင်္ဂါးများကို တစ်ကြိမ်မှာ တစ်ပြားသာ သယ်ယူခဲ့သနည်း။

7 Why did Tom cry?
တွန် ဘာကြောင့် ငိုခဲ့သနည်း။

8 Who broke their promise?
မည်သူများသည် သူတို့၏ ကတိကို ဖျက်ခဲ့ကြသနည်း။

## ၅။ သဒ္ဒါရှင်းလင်းချက်

၁ အောက်ပါ စကားလုံးတွေရဲ့ နောက်မှာ V-ing ကို အသုံးပြုရတယ်။

like ကြိုက်သည်၊ နှစ်သက်သည် love ခုံမင်သည်၊ နှစ်သက်သည်၊ ဝါသနာပါသည်
enjoy မွေ့လျော်သည်၊ သာယာကြည်နူးသည်၊ နှစ်သက်သည် hate မုန်းသည်၊ မနှစ်သက်၊ မကြိုက်
stop ရပ်တန့်သည် finish အဆုံးသတ်သည်၊ ပြီးဆုံးသည် go on ဆက်လုပ်သည်

| | |
|---|---|
| 1 I *like swimming.* | ကျွန်တော်သည် ရေကူးခြင်းကို ကြိုက်သည်။ |
| 2 I *love playing* football. | ကျွန်တော်သည် ဘောလုံးကစားခြင်းကို ခုံမင်သည်။ |
| 3 I *enjoy eating* sweets. | ကျွန်တော်သည် သကြားလုံး စားခြင်းကို နှစ်သက်သည်။ |
| 4 I *hate cooking.* | ကျွန်တော်သည် အချက်အပြုတ်ကို မုန်းသည်။ |
| 5 I have *stopped working.* | ကျွန်တော်သည် အလုပ်ရပ်လိုက်ပြီ။ |
| 6 I have *finished working.* | ကျွန်တော်သည် အလုပ်ပြီးပြီ။ |
| 7 I will *go on working.* | ကျွန်တော်သည် အလုပ်ဆက်လုပ်မည်။ |

၂ ကြိယာတွေကို V-ing သဏ္ဍာန် ပြောင်းတဲ့အခါ နောက်ဆုံးအက္ခရာရဲ့ ရှေ့မှာ a, e, i, o, u ပါယင် အဲဒီ နောက်ဆုံး အက္ခရာကို နှစ်ခါထပ်ရေးပြီးမှ ing ထည့်ရတယ်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| sit | — | sitting | swim | — | swimming | begin | — | beginning |
| stop | — | stopping | run | — | running | | | |

၃ နောက်ဆုံးအက္ခရာရဲ့ ရှေ့မှာ a, e, i, o, u နှစ်လုံး ထပ်ပါယင်တော့ အဲဒီ နောက်ဆုံး အက္ခရာကို နှစ်ခါ မရေးဘဲ ing ထည့်ပေးရတယ်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| read | — | reading | eat | — | eating | beat | — | beating |
| sleep | — | sleeping | feel | — | feeling | | | |

၄ e နဲ့ ဆုံးတဲ့ စကားလုံးတွေရဲ့ နောက်မှာတော့ အဲဒီ e ကို ဖြုတ်ပြီးမှ ing ထည့်ပေးရတယ်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| write | — | writing | come | — | coming | ride | — | riding |
| bite | — | biting | hide | — | hiding | | | |

## ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ

***1 Change the words in brackets into —ing words.***

1 He likes (sing).
2 I enjoy (swim) in the sea.
3 She loves (eat) sweets.
4 Aye Aye hates (walk) in the rain.
5 Ni Ni does not like (sew).
6 The men have stopped (work).
7 The teacher told Tun Tun to go on (try).
8 U Ba Shin enjoys (smoke) a pipe.
9 U Soe told them to go on (write).
10 Daw Si has finished (read) the newspaper.

***2 Fill each blank with a suitable word.***

1 He b__________ down and picked up a gold coin.
2 Our school is a big b__________.
3 I cannot l__________ up this box.
4 This box is very h__________.
5 He asked for his s__________ of the money.

***3 Fill each blank with a correct preposition.***

1 I enjoy swimming __________ the summer.
2 I often listen __________ music.
3 The stranger spoke __________ me.
4 There were iron bars __________ the window.
5 He stood __________ the edge of the window.

***4 Fill each blank with the correct form of the words given in brackets.***

| | |
|---|---|
| 1 (strange) | Two __________ came to our house. |
| 2 (enjoy) | Watching television is __________. |
| 3 (pain) | Cutting a finger is __________. |
| 4 (please) | Walking in the country is __________. |
| 5 (interest) | I want to read an __________ story. |

# LESSON 12 Tom Thumb (3)

## ၁။ ဝေါဟာရများ

**Exercises**

| | | | |
|---|---|---|---|
| didn't | ဒင်း(န့်ထ်) | *v* | (did not ၏ အတို ကောက်) အငြင်းနှင့် အမေးဝါကျလုပ်ရန် ကြိယာ၏ ရှေ့တွင်ထား၍ သုံးသည် |
| ride | ရိုက်(ဒ်) | *v* | ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည်၊ စီးသည် |

**Passage**

| | | | |
|---|---|---|---|
| mud | မတ်(ဒ်) | *n* | ရွှံ့ |
| muddy | မတ်ဒီ | *adj* | ဗွက်ထူသော |
| dirty | ဒါးတီး | *adj* | ညစ်ပတ်သော၊ ပေကျံသော၊ ပေရေသော |

| | | | |
|---|---|---|---|
| fell | ဖက်(လ်) | *v* | လဲကျခဲ့သည် |
| poor | ပူးဝါး | *adj* | ၁။ ဆင်းရဲသော၊ နွမ်းပါးသော ၂။ သနားစရာကောင်းသော |
| mine | မိုင်း(န်) | *pron* | ကျွန်တော်၏ ပစ္စည်း |
| belong to (somebody) ဘစ်လွန်း(ဂ်) တူ | | *v* | ပိုင်ဆိုင်သည် |
| keep | ကီး(ပ်) | *v* | သိမ်းထားသည် |
| reward | ရစ်ဝေါ့(ဒ်) | *n* | ဆုလာဘ်၊ ဆု |
| trouble | ထရတ်ဘာ့(လ်) | *n* | ဒုက္ခ |
| parent | ပဲ(ယား)ရန့်(ထ်) | *n* | အမိ၊ အဖ |
| parents ပဲ(ယား)ရန့်(ထ်စ်) | | *n* | မိဘ |
| king | ကင်း(ဂ်) | *n* | ရှင်ဘုရင် |
| leader | လီးဒါး | *n* | ခေါင်းဆောင် |
| soldier | ဆိုး(လ်)ဂျား | *n* | စစ်သား၊ စစ်သည် |
| army | အာမီ | *n* | တပ်အသွင် ဖွဲ့စည်းလေ့ကျင့်ထားသော လူစု |
| order | အောဒါး | *n* | အမိန့် |
| | | *v* | အမိန့်ပေးသည် |
| thief | သီး(ဖ်) | *n* | သူခိုး |
| thieves | သီး(ဗ်ဇ်) | *n* | သူခိုးများ |
| honest အွန်းနစ်(စ်ထ်) | | *adj* | ဖြောင့်မတ်သော၊ ရိုးသားသော |
| quickly | ကွစ်ခလီ | *adv* | အမြန်၊ မြန်မြန် |
| caught | ကော့(ထ်) | *v* | ဖမ်းခဲ့သည် |
| punish | ပန်းနစ်(ရှ်) | *v* | အပြစ်ပေးသည်၊ ပြစ်ဒဏ်ခတ်သည် |
| punishment ပန်းနစ်(ရှ်)မန့်(ထ်) | | *n* | ပြစ်ဒဏ် |
| prison | ပရစ်ဇင်း(န်) | *n* | အကျဉ်းထောင် |

## ၂။ ကြိယာသဏ္ဍာန်များ

**Passage**

| | | | | |
|---|---|---|---|---|
| keep | kept | kept | keeping | သိမ်းထားသည် |
| belong | belonged | belonged | belonging | ပိုင်ဆိုင်သည် |
| order | ordered | ordered | ordering | အမိန့်ပေးသည် |
| punish | punished | punished | punishing | အပြစ်ပေးသည်၊ ပြစ်ဒဏ်ခတ်သည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | |
|---|---|
| go on a picinc | ပျော်ပွဲစားထွက်သည် |
| rode on a bus | ဘတ်စကားစီးခဲ့သည် |
| ride in an aeroplane | လေယာဉ်စီးသည် |
| come by bus | ဘတ်စကားဖြင့် လာသည် |
| in Myogyi | မြို့ကြီးတွင် |

**Passage**

| | | |
|---|---|---|
| climbed down | | ဆင်းခဲ့သည် |
| under the tree | | သစ်ပင်အောက်မှာ |
| fell into the mud | | ရွှံ့ထဲသို့ လဲခဲ့သည် |
| in the mud | | ရွှံ့ထဲမှာ |
| fell over it | | ၎င်းအပေါ်တွင် လဲခဲ့သည် |
| belong to me | *PHR V* | ကျွန်တော် ပိုင်ဆိုင်သည် |
| for my trouble | | ငါ့ဒုက္ခအတွက် |
| sent for | *PHR V* | ခေါ်ယူခဲ့သည် |
| leader of his army of soldiers | | သူ့စစ်တပ်၏ ခေါင်းဆောင် |
| sent (them) to | *PHR V* | — ပို့သည် |
| sent them to prison | | သူတို့ကို ထောင်ချခဲ့သည် |
| with his parents | | သူ၏ မိဘနှင့်အတူ |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

***1 A Read.***

Kyaw Kyaw : I went to school yesterday, didn't **I**?
ကျော်ကျော်။ **မနေ့က** ငါ ကျောင်းတက်ခဲ့တယ်၊ မဟုတ်**လား**။
Mu Mu : **Yes,** you did.
မူမူ။ **ဟုတ်**တယ်၊ မင်း တက်ခဲ့တယ်။

Kyaw Kyaw : **I** didn't go on a picnic, did I?
ကျော်ကျော်။ **ငါ** ပျော်ပွဲစား မထွက်ခဲ့ဘူး၊ ဟုတ်လား။
Mu Mu : **No,** you didn't.
မူမူ။ **မဟုတ်**ဘူး၊ မင်း မထွက်ခဲ့ဘူး။

Kyaw Kyaw : **You** went to school yesterday, **didn't** you?
ကျော်ကျော်။ **မနေ့က** မင်း ကျောင်းတက်ခဲ့တယ်၊ **မဟုတ်လား**။
Mu Mu : **Yes,** I did.
မူမူ။ **ဟုတ်**တယ်၊ ငါ တက်ခဲ့တယ်။

Kyaw Kyaw : **You** didn't go on a picnic, did **you?**
ကျော်ကျော်။ **မင်း** ပျော်ပွဲစား မထွက်ခဲ့ဘူး၊ ဟုတ်လား။
Mu Mu : **No,** I didn't.
မူမူ။ **မ**ဟုတ်ဘူး၊ ငါ မထွက်ခဲ့ဘူး။

Kyaw Kyaw **and** Mg Myo : **We** rode on a bus yesterday, **didn't** we?
ကျော်ကျော်နှင့် မောင်မျိုး။ **မနေ့က** ငါတို့ ဘတ်စကား **စီး**ခဲ့ကြတယ်၊ မဟုတ်လား။
Mu Mu : **Yes,** you did.
မူမူ။ ဟုတ်တယ်၊ မင်းတို့ **စီး**ခဲ့ကြတယ်။

Kyaw Kyaw **and** Mg Myo : We didn't ride in an aeroplane, **did we?**
ကျော်ကျော်နှင့် မောင်မျိုး။ ငါတို့ လေယာဉ် မစီးခဲ့ကြဘူး၊ ဟုတ်**လား**။
Mu Mu : No, you didn't.
မူမူ။ မဟုတ်ဘူး၊ မင်းတို့ မစီးခဲ့ကြဘူး။

***B Answer the questions.***

1 Kyaw **Kyaw** went to school yesterday, didn't he? **Yes, he** __________.
2 Kyaw **Kyaw** didn't go on a picnic, did he? **No,** __________.
3 Mu Mu went to school yesterday, didn't she?